
ဆုထူးပန်
မောင့်ကိုချစ်သော ကို

## အပိုင်း(၁)

ဆုထူးပန်တစ်ယောက် မိမိအခန်းရှိ ဆိုဖာရှည်ပေါ်တွင် အာလူးချောင်းကြော်လေး စားရင်း ဇိမ်ကျ၍ K Drama ကားလေး ကြည့်ကောင်းနေစဉ် ... အာပြဲကြီးနဲ့ သူ့နာမည် အော်ခေါ်နေရင်း ရောက်ချလာသော Sandi မ ...

"ဟဲ့ ထူးပန် အမလေး သေနာလေး နင် ဇိမ်ကျနေတာ"

ပြောရင်း သူ့လက်ထဲက အာလူးကြော် ယူစားလေတော့ ...

"ငါ့ဟာငါ ဇိမ်ကျနေတာ နင့်သောက်ပူ ပါလို့ လား သေနာမ ရဲ့ ..."

သူမလက်ထဲရှိ မုန့်ထုပ်ကို ပြန်ဆွဲယူ၍ ပြောလိုက်သည် ။ ပြောရင်း ပုံမှန်မဟုတ်သော မို့ဂုရတဲ့ မျက်နှာနဲ့ စပ်ဖြီးဖြီး ... သူမမျက်နှာကို သူသေချာ ကြည့်လိုက်ပြီး ထထိုင်ကာ ...

"ဆို ... ငါ့အိမ် လာပြီး ငါ့ကို နှောင့်ယှက်ရတဲ့ ကိစ္စက"

ထိုအခါမှ ဒင်းမျက်နှာက ခုနကထက် ပို၍ စပ်ဖြီးကာ ...

"ဟို ... ငါ ... ငါ ..."

"ငါဘာဖြစ်လဲ ပြော စကားပြောဖို့ အရေး အီး ဖင်ဝ တစ်နေသလို တစ်မနေနဲ့ "

"အေး ပြောမယ် သေနာလေး ရဲ့ ငါ ဘဲရနေပြီ ... "

ပြောဆိုတော့လည်း ပြောချလာသည့် စကားက ခွီး … ဟာသတွေ …

"ဟမ် … ဘယ်လို နင်က … ဘဲရနေပြီ … ဟား … ဟား … ဟားဟား နင်က … နင့်လိုလူကို ကြိုက်တဲ့ သူက ရှိသေးတယ် အမလေး ငါလေး မရယ်ချင်ပါဘူးဆို ဟားဟားဟား … "

ပြောရင်း ဗိုက်နှိပ်ကာ ရယ်နေသော သူ့ကို Sandi က မျက်စောင်းထိုးကာ …

"အေး … ရယ် … ရယ် … သေအောင်ရယ် ရယ်ရင်းနဲ့ သေသွား နားအေးတယ် တော်ပြီဟာ မပြောတော့ဘူး ပြန်တော့မယ် … ငါ့အသည်းလေး ချစ်ချစ်နဲ့ ပဲ အလွမ်းပြေ ဖုန်းပြောတော့မယ်"

ပြောပြီး ထပြန်ရန် ပြင်နေသော Sandi လက်ကိုဆွဲ၍ သူပြန်ထိုင်စေပြီး

"နေပါဦးဟ နင်ကလည်း ပြောပါဦး နင့်ဘဲက ဘယ်သူလဲ ဘယ်ကလဲ ငါလည်း ဘာမှ မသိလိုက်ရပါလား"

ထိုအခါမှ ဘယ်ထဲက ပြောချင် နေမှန်း မသိသော ယွစိန်မက …

"ဟီး … သူနဲ့ ငါက လိုင်းပေါ် တွေ့တာ သူ့နာမည်က မင်းသူအောင်တဲ့ ငါသူနဲ့ စကားတွေ ပြောခဲ့တာတော့ ကြာပြီဟာ အဲဒါ သူက ငါ့ကို ဖွင့်ပြောထားတာလဲ ကြာပြီ ပြောရရင်ဟာ အီစီကလီ ကြူစီ သက်တမ်းကရင့်ပြီဆိုပေမဲ့ ငါက တရားဝင်အနေနဲ့ မနေ့ကမှ အဖြေပြန်ပေးလိုက်တာဟ …"

ဆိုကာ လက်နှစ်ဖက်ကို ပွတ်၍ မူဟန်ပိုနေသော သူမခေါင်းကို အနီးရှိ ဖက်ခေါင်းဦးလေးနဲ့ သူရိုက်ပစ်လိုက်သည်။

"Mi Sandi နင်ရူးနေလား လိုင်းပေါ် တွေ့တာနဲ့ ရည်းစား တော်ပစ်

တယ် ဘယ်လိုလူမှန်း မသိ ဘယ်ကမှန်း မသိ နင်တော့ သေချင်နေပြီလား"

"ဟင့် နင်ကလည်း သူက ပညာတတ် သူဌေးသားပါ ဟဲ့ နင့်လို အလုပ်လက်မဲ့ အားယားနေတဲ့ သူတောင် မဟုတ်ဘူး ပြီးတော့ သူ့မိဘတွေက မိုးကုတ်မှာ တကယ့် သူဌေးတွေ ..."

"နင်က ဘယ်လို သိလဲ"

"သူပြောပြတာ ... "

"သေလေ ... အဲဒီမှာ လဲသာသေလိုက် Mi Sandi နင်အရူးပဲ သူပြောတာနဲ့ နင်က ယုံလိုက်တာပဲလား စကားဆိုတာကတော့ ဒီလိုပဲ လုပ်ယူပြောလို့ ရတာပဲ ခုခေတ်ကြီးကလေ Profile မှာ ပုံတင်ထားရင်တောင် သူများ ပုံ ယူတင်ထားတာလား သူ့ပုံအစစ်လား မသိနိုင်တဲ့ ခေတ် ဟဲ့ ... နင်နဲ့ တော့နော် ငါရှင်ချင်တယ် သိလား"

ထိုအခါမှ မျက်နှာငယ်လေးနဲ့ ...

"နင်ကလည်း သူကတော့ အဲလိုလူ မဟုတ်လောက်ပါဘူးဟ အဲလိုလူစားထဲ သူမပါနိုင်ဘူး ငါယုံတယ် သူ ငါ့ကို မလိမ်လောက်ပါဘူး နင်ကလည်း ဟာ ... နင်ပြောမှ ငါဝိုချင် လာပြီ ..."

"ဟင်း ... ပြပါဦး နင့်ဘဲကို..."

သူ Sandi ပြသော ပုံကိုကြည့်လိုက်တော့ ထိုလူကို သူမြင်ဖူးနေသလိုလို ...

ဒါနဲ့ သူ့အကောင့်ထဲ ဝင်ကြည့်လိုက်တော့ Active Now ဖြစ်နေသည်မို့ ...

"အင့် ... သူနဲ့ Vcall ခေါ်မယ် ပြောလိုက်"

"ဟာ ... နင်ကလည်း ငါ့ဘက်က စပြောရမှာ အောက်တာပေါ့"

"ဟင် ... နင်တို့ တစ်ခါမှ Vcall မပြောဖူးဘူး ပေါ့"

"အင်း ..."

ဟု သာ ခေါင်းညိတ်ပြ လာသော Sandi ကို ကြည့်ပြီး သူ ထိပ်တွေ ချည်း ခေါက်ပစ် ချင်သော်လည်း ...

"အေး ... အရင်က မပြောဘူးလဲ ခုပြော သူပြောတာ တွေ ဟုတ်မဟုတ် သူ့အပြော သူ့ပုံစံကြည့်ပြီး အကဲခတ်ရမှာ ပဲ ..."

"အင်း နင်က သူနဲ့ ပြောမို့လား ..."

"ဟ ... ပြောစရာလား အရူးရဲ့ ... နင်နဲ့ ပြောတာကို ငါက ဘေးက အကဲခတ်ပေးမှာ ခေါ် ... ခုခေါ်လိုက် ..."

"အေးပါ အဖေရယ်"

Mi Sandi တစ်ယောက် ထူးပန်ကို မျက်စောင်း ပိတ်ထိုးပြီးနောက် သူမချစ်သူထံ ထူးပန် ပြောသလို Vcall ခေါ်လိုက်သည် ။ သို့ပေမဲ့ တစ်ဖက်က မကိုင် စာသာပို့လာသည် ။

"ချစ်လေး မခေါ်စဖူး Vcall တွေခေါ်လို့ ပါလား..."

"အင်းး ... ကိုက ဘာလို့ မကိုင်တာလဲ ..."

"ကို အပြင်ရောက်နေလို့ ကိုင်လို့ အဆင်မပြေလို့ ချစ်ရဲ့ "

ဘေးနားက ကြည့်နေသော ထူးပန်က မနေနိုင်စွာ ဖုန်းကိုဆွဲယူ၍ စာရိုက်လိုက်သည် ...

"ကိုကလည်း ကို့မျက်နှာလေး ခနလောက်လေး မြင်ချင်ရုံတောင် မရဘူးလား"

"တကယ်အဆင်မပြေလို့ ပါ ချစ်ရယ် နော်"

"ဒါဆို ညကျရင် ပြောမယ်နော်"

"ကို ဖုန်းခေါ်လိုက်မယ်နော် ... "

"အင်းး ... ခု တကယ်ပဲ ခနလေး ဖြစ်ဖြစ် ကို့မျက်နှာလေး မြင်ရုံပဲ လေ တကယ် မရဘူးလားဟင် ခနလေးပဲလေ ခေါ်မယ်နော်"

"ချစ်ကလည်း ဟို ... ကိုတကယ် အဆင်မပြေဘူးမို့ပါ နောက်ပြီးကွာ ကိုက အဲလိုတွေ မပြောတတ်ဘူး မပြောချင်ဘူး ဒီတိုင်း ကို ဖုန်းဆက်မယ် လေနော် ..."

"ဘာလို့ လဲ ... ဘာလို့ မပြောချင်တာလဲ ဒီတိုင်း မျက်နှာလေးပြရုံပဲ ကို"

"ချစ်ကရော ဘာတွေဖြစ်နေတာလဲ ကို မပြောချင်ဘူးလို့ ပြောနေတယ်မလား ကို့ကို လာ မရစ်နဲ့ ကွာ ကို စိတ်ရှုပ် လာပြီ ဒါပဲကွာ နောက်မှ ဖုန်းဆက်လိုက်မယ်"

ပြောပြီး တစ်ဖက်က လိုင်းအောက်သွားသည် ။

ထူးပန် တစ်လိမ့်လိမ့် တက်လာတဲ့ ဒေါသတွေကို မျိုချပြီး ဘေးနားက အေမလေးကို လှည့်ကြည့်ပြီး ဘယ်နဲ့ ရှိစဟု မေးငေ့ါပြလိုက်တော့ ဒင်းလေးလည်း မျက်နှာမကောင်း ...

"ထူးပန် တကယ်လို့ လေ သူက နင်ပြောသလို လိမ်နေတာဆို ဘယ်လိုလုပ်မလဲဟင် ..."

"ဒေါက် ..."

အမေးအတွက် ပြန်လာသော အဖြေက ခေါင်းကိုပူခနဲ ...

"အ ... နင်ကလဲ နာတယ်ဟ ..."

"သေလေ ... နင်က ဘာလုပ်ချင်သေးလို့ တုန်း အဲဒီလူလိမ်နဲ့ ဆက်များ ရည်းစား တော်ချင်သေးလို့ လား ဖြတ်ရမှာ ပေါ့ နောက်ပြီး တစ်ခါထဲသာ ဘလော့ ပစ်လိုက်"

"သူလိမ်တယ် မလိမ်ဘူးက မသေချာသေးဘူးလေ ခုက သူက Vcall မပြောချင်ဘူးတဲ့ ဘယ်လိုလုပ်မလဲ ..."

"အဲဒီကတည်းက သူမရိုးသားတာလေ သူအလုပ် မအားဘူးဆိုရင်တောင် တကယ်ဆို မျက်နှာပြရုံလောက် ပြရင်ကို ရတယ် ခုက သူပြောတာတွေက လိမ်ဆင်တွေတင်မက Profile က ပုံကိုက သူ့ပုံအမှန်မဟုတ်လို့ နင်သာ တုံး ... အဲလို ကျတ်ကျတ် တုံး ... ဟိုက နင့်ကို ဟင်း ... ငါမပြောချင်ဘူး Mi Sandi ။ Fb ပေါ်က အဲလို လူလိမ်တွေကြောင့် ဘဝပျက်၊ မိသားစုအသိုင်းဝိုင်း ဂုဏ်သိက္ခာ ကျခဲ့ရတဲ့ မိန်းကလေးတွေ ဘယ်လောက်တောင် ရှိလဲ။ နင်ဟာ တစ်ခါမှ မမြင်ဘူး မတွေ့ဘူးပဲ လိုင်းပေါ်ကြူကောင်းရုံနဲ့ ရည်းစားပါ တော်ပစ်ရလား ငတုံးမရဲ့ ..."

ထူးပန် သူဆူငေါက်နေသမျှ ခေါင်းငုံ့ခံရင်း ငိုလာပါသော သူငယ်ချင်းမလေးကို ကြည့်ပြီး သူ့မှာ ဂရုဏာဒေါသ ဖြစ်နေမိသည် ။

နောက်သူ ဒီမျက်နှာ ဒီပုံစံကို ရင်းရင်း နှီးနှီး မြင်ဖူးသလို၊ သိနေသလိုရှိ၍ လည်း စိတ်ထဲ မတင်မကျ ဖြစ်နေမိသည် ။ Sandi ပြန်သွားတော့ သူ TV ကြည့်ဖို့ လဲ စိတ်မပါတော့သဖြင့် အိပ်ရာပေါ် တက်၍ ဘေးနားက ဖက်လုံး ကို ခါးအောက်ထား၍ လက်တော့ယူကာ Fb ဖွင့်လိုက်

သည် ။ သူစိတ်မပါလက်မပါနဲ့ ပဲ NF ပွတ်၍ လျှောက်ကြည့်နေမိရင်း မြင်ကွင်းထဲ ဝင်လာသည် က ...။

***

# အပိုင်း(၂)

"ဟင် ... ဒါ ဟိုသကောင့်သား မလား... အောင်မယ် ဒီအကောင့်ကျ" Sai Hein Htet" ဆိုပါလား ဟင် Relation Ship က နဒီမိုး ဆိုပါလား Mi Sandi လည်း မဟုတ်ဘူး ခွေးသား လူလိမ် အကောင့်တွေ ဘယ်နှစ်ခုနဲ့များ ဖွန်လိုက်ကြောင်နေတယ် မသိဘူး တွေ့မယ် ငလူးကောင် နေပါဦး သူကဘယ်လိုလုပ်ငါနဲ့ Fri ဖြစ်နေတာပါလိမ့် ...။ ဒါနဲ့ ပဲ သူထိုအကောင့်ကို Wave လုပ်လိုက်တော့ တစ်ဖက်ကလည်း ပြန် Wave လုပ်လာတာနဲ့ . ..

(မရှင်းမှာ စိုးလို့ ထူးပန်ပြောတာကို loveနဲ့ စပြီး စိုင်းပြောတာကို lo veနဲ့ စပေးထားတယ်နော်)

"Hi"

"hi"

"နေကောင်းရဲ့ လား ကိုမင်းသူအောင် ..."

"အမ် ... ဘာလား ဟေး မင်း စာတော့ ဖတ်တတ်ပါတယ်နော် ..."

ဘာလား မိစန္ဒီပြောသွားတာ ဒီကောင့်နာမည်က မင်းသူအောင် မဟုတ်ဘူး လား

ထူးပန် ဇဝေဇဝါ ဖြစ်သွားမိတဲ့ စိတ်က ချက်ချင်း အလိမ်ခံရပြန်ပြီ

ဆိုတဲ့ အသိနဲ့ ဒေါသစိတ်ကလေးက လှစ်ထွက်လာကာ

"ဘာ ... ဘာပြောတယ် ဟျောင့်..."

"ဟား ... လာလာချည်သေး သူကလည်း လူလာမှားသေး စကားလုံးတွေက ရင့်လှချည်လား ..."

"မင်း ... မင်းသူအောင် မဟုတ်ဘူး လား ..."

"ယော် ခက်ပေါ့ပဲ မင်းစာ မဖတ်တတ်လို့ လား Sai Hein Htet လို့ ရေးထားတာကို မင်းသူအောင်လို့ မှားစရာ လွဲစရာ ဘယ်နေရာပါလဲ တစ်လုံးတောင် မပါဘူး ... ချာတိတ် ..."

စိုင်း တစ်ဖက်က ဘယ်သူမှန်း မသိသည့် အူကြောင်ကြားကို အငေါ်တူးကာ ပြောလိုက်သည် ။

[လိ ချာတိတ်ပါလား ... ငုံးမကလေး နေနှင့် ဦးပေါ့ကွာ ငါသေချာ စုံစမ်းပြီးရင် တွေ့မယ် မင်း ဆုထူးပန် တစ်ယောက် စိတ်ထဲမှ ကြိမ်းဝါးနေမိသည် ။]

တကယ့် လက်တွေ့မှာ တော့ ...

"ဒါဆို မင်းက ... ထားပါ ဒါနဲ့ မင်းက အကောင့်ဘယ်နှခု သုံးတာလဲ"

"ဘာလုပ်မို့လဲ ..."

"သိချင်လို့ ပါ ... ပြောပြလို့ မရဘူးလား..."

အတတ်နိုင်ဆုံးစိတ်ကို ဆွဲဆန့်ရင်း လေသံကို လျှော့ကာမေးရသည် ။ ထိုအခါမှ တစ်ဖက်ကလည်း ...

"ဒီတစ်ခုပဲ သုံးတာ ..."

စိုင်းဖြေပြီးမှ သူဘာလို့ ခုလိုအလွယ်တကူ ပြန်ဖြေမိလဲ အံ့ဩကာ သူ့

ကိုသူ အလိုမကျ ဖြစ်လာသည် ။

"ဒါဆို ကိုယ်တစ်ခုမေးမယ် စိတ်မဆိုးနဲ့ နော်"

"ဘာလဲ ..."

"Pp က မင်းပုံအစစ်လား ..."

ဟား ... ဒါတော့ အတော်လေး များ သွားပြီ ဒါကြောင့် ...

"ဘာကွ ... ဟျောင့် မင်းဘာကောင်လဲကွ ... ငါ့ကို ဘယ်လိုင်းကြီး လာရန်စနေတာလား မင်း ..."

"ငါက ဘာရန်စလို့ လဲ ဒီတိုင်းမင်းပုံအမှန်လား သူများ ဟာ ယူသုံး ထားတာလား သိချင်လို့ မေးရုံပဲ ..."

ပြောတတ်ပ့ါ ငလူးလေးက

"အေး ... အဲဒါဆို မင်းအဖေ အစစ်ဟုတ်မဟုတ် မင်းသောက် လုံးနဲ့ သေချာကြည့် ..."

ပြောပြီး သူ Vcall ခေါ်လိုက်တော့ တစ်ဖက်ကလည်း ချက်ချင်းကိုင် သည် ။ ဟင်  Screen ပေါ်မှာ ပေါ်လာသည် က ချောမောခံ့ညားခြင်းတွေ နဲ့ ယောကျ်ားပီသသည့် ရှင်းသန့်နေသော အသားညိုပုံရသည့် မျက်နှာ ချောချော ပိုင်ရှင်ကြောင့် တိုနေသောစိတ်တွေက ဘယ်ဆီရောက်ကာ သူ ရုတ်တရက် ဘာပြောရမယ် မသိဖြစ်နေပြီးမှ လည်ချောင်း တစ်ချက် ရှင်းကာ ...

မျက်နှာလေးကို ဝံ့၍

"ဘယ်လိုလဲ ... မင်းအဖေ စစ်ဟုတ်တယ်မလား..."

ထူးပန် ရုပ်လေးနဲ့ မလိုက်ရိုင်းစိုင်းလွန်းသော ဒီသောက်ကလေးကို

အတော်ကြည့်မရ ဖြစ်မိကာ ...

"အေး ... လူကြည့်တော့ လက်တောက်လောက် ကလေးမသာရုပ်နဲ့ ဒီမှာ ချာတိတ် မင်း ... ကိုယ့်အဖေ သိပ်လုပ်ချင်နေရင် နောက်ဘဝကူး ပြီး ကို့အဖေဖြစ်ဖို့ ဆုတောင်းရင်း စောင့်နေလိုက် နောက်ပြီး ကိုယ်တစ် ခုပြောမယ် ကိုယ်က မင်းထက် အသက်ကြီးတယ် စကားပြော မ ရိုင်းစိုင်းနဲ့ ..."

"ဘာကွ ... ငါ့ဟာငါ အေးဆေးနေတာကို သောက် ဇယားလာရှုပ်ပြီး ငါ့ကို ရိုင်းအောင် လာလုပ်နေတာက မင်းလေ ..."

"အေး ... ငါကကော မင်းလို အရိုင်းစိုင်းကောင်ကို အကြောင်းမရှိပဲ လာပြောချင်နေတယ် ထင်နေလား ... ဒီမှာ အဲဒီသောက်ကောင်က မင်း ပုံယူသုံးပြီး ငါ့သူငယ်ချင်းကို ဂျင်းလာထည့်နေလို့ ငါ့သူငယ်ချင်း ဂျင်းမ မိအောင် သူနဲ့ မင်း ဘယ်သူလူလိမ်လဲ ငါက စုံစမ်းရုံပဲ ..."

သူ မင်းသူအောင် ဆိုတဲ့ လဒအကောင့်ကို Copy Link လုပ်ပြီး အဲဒီ လဒလေး ပုံယူသုံးနေတာကို ပို့ပေးလိုက်သည် ။

"အဲ ... အဲလို ကျွန်တော့်ပုံ ယူသုံးနေတဲ့ Fake Acc တွေက အများ ကြီး ဒါပေမဲ့ ကျွန်တော့် အကောင့်က ဒီတစ်ခုထဲ ကျွန်တော့်အတွက်က တော့ မထူးဆန်းတော့ဘူး ကျွန်တော့်အသိတွေ အားလုံးကလည်း ကျွန်တော်က ဒီအကောင့် တစ်ခုထဲဆိုတာ သိကျတယ် ..."

"ဟုတ်ပါပြီ ... ကျေးဇူးပဲ ခုလိုအမှန်ကို သိခွင့်ရတာ ... ဘိုင့် ..."

စိုင်း အလိုမကျစွာ မထူမပါး မျက်ခုံးလှလှလေးမှာ အလိုလို တွန့်ချိုး မိသွားသည် ။

သူကဘာလားဟ သူသိချင်တာ သိရပြီးတာနဲ့ တန်းအောက်သွား

တယ်။ တစ်ခါလေး ခနသာ တွေ့လိုက်ရသည့် မျက်ဝန်းထဲ ဆွဲထင်ကျန် နေရစ်သော ယောကျ်ားပီသ၍ ညို့အားပြင်းသော လေးထောင့်ဆန် ဆန် မျက်နှာချောချောကို သူကြည့်မဝနိုင် ဖြစ်နေမိသော မိမိစိတ်ကိုယ်မိ မိ သတိမထားမိပဲ လက်ကအလိုလို သူ့ Wallထဲ ဝင်မွှေကာ သူဓာတ်ပုံ တစ်ပုံချင်းစီတိုင်းကို လိုက်ကြည့်နေမိတာ မေမေတို့ ထမင်းစား ခေါ်တာ တောင် ဆင်းမစားနိုင်သည့် အဖြစ်နဲ့ သူ ...။

ဟွန့် ... ယောကျ်ားလေးဖြစ်ပြီး Korea ကား ရူးရူးနေတာပဲ Action၊ သိုင်းကားကြည့်တာ ထားပါတော့ ဟာ ... ဒီလို Bl ကားတွေပါ ကြည့်တ ယ် ရွံစရာကောင်းလိုက်တာ ဒီလူ ယောကျ်ားမှ စစ်ရဲ့ လား ပုံစံကြည့် တော့ မထင်ရဘူး ယောကျ်ားပီသပြီး ချောမောခန့်ညားနေတဲ့ ကိုယ့်ရုပ်မှ ကိုယ်အားမနာ ကျိတ်ပုန်း gay နေတာများ လား ... နှမြောစရာ ကောင်း လိုက်တာ ... ဟင် နေပါဦး ... ငါနဲ့ ဘာဆိုင်လို့ ငါက နှမြောနေတာတုန်း ... သူ့ဟာသူ ဘာဖြစ်ဖြစ် ငါနဲ့ ဘာဆိုင်တာကျ ... ဟင် ဒီမိန်းကလေးက ဘယ်သူပါလိမ့် အဲဒီလောက် ဖတ်ထားရအောင် သူ့ရည်းစားများ လား ... ဒီလူကတော့ အမြင်ကို မရှိပ့ါလားနော် ဒီလို ပုပုလုံးလုံးကို သူဘာကြည့် ကြိုက်တယ်မသိ ...

(Sandi နဲ့ ပုံတွေမြင်ပြီး J ဝင်နေရှာတာ)

အာ ... တော်ပြီ ငါဘာလို့ ကိုယ်နဲ့ မဆိုင်တာတွေ စပ်စုနေမိတာလဲ ... ဟူး ... စိတ်ရှုပ်လိုက်တာ ...

အဆုံးထိဝင်ကြည့်ပြီးကာမှ စိုင်း ... စားပွဲပေါ်က လပ်တော့ကိုပိတ် ပြီး ဘေးနားရှိ လက်ကျန် ကော်ဖီခွက်ကို အပြတ်မော့လိုက်ပြီး ခုတင်ထ က် အိပ်နေမိပေမဲ့ ကော်ဖီကြောင့် လား မိနစ်ပိုင်းသာ တွေ့မြင်လိုက်ရပါ သော မျက်နှာပိုင်ရှင် ထိုလူကြောင့် လား ... တခြား အကြောင်းရာတွေ

ကြောင့် လား သူမသိ၊ သူသိသည် က ညည့်နက်သထက် နက်လာသည် အထိ သူတော်တော်နဲ့ အိပ်မရပါ။ ဟိုလူးဒီလှိမ့်နဲ့ ကြိုးစားအိပ်နေပါ သော်လည်း ဒီညတော့ ညစာလွတ်ရုံတင်မဟုတ် အိပ်ပျက်ညပါ ဖြစ်နေခဲ့ပါရောလား ... နော်။

***

# အပိုင်း(၃)

ထူးပန် မနက်စက်ဘီးစီး အားကစားလုပ်ပြီး ... Sandi တို့ အိမ်ဝင်လိုက်သည်။ Sandi မေမေက ...

"အယ် ... သားထူးပန် သမီးလာရှာတာလား ... လာထိုင် ... လာ ... သား ... မနက်စာ တစ်ခါတည်း ဝင်စားသွား ခဏနေ သမီး ဆင်းလာလိမ့်မယ်"

"တော်ပြီ တီလေး သား Sandi နဲ့ လမ်းထိပ် မုန့်တီသွားစားမို့ အဲဒါ လာခေါ်တာ"

"နင် ဝယ်ကျွေးမှာ လား ..."

လှေကားတောင် မဆုံးသေး ဝမ်းသာအားရ ပြောလာသော လုံးပုမကို သူနှုတ်ခမ်း တစ်ချက် မဲ့ပြလိုက်ပြီး ...

"ဆုတောင်းလေ နင်ကျွေးရမှာ သွားပိုက်ဆံအိတ် ပြန်ယူ"

သူအမိန့်ပေးလိုက်တော့ ...

"နင်ကလည်း ငါခုမှ ဆင်းလာတာ အပေါ်ပြန်တက် ရဦးမှာ လားသေနာလေးရဲ့ ... လာမယ်ဆိုလည်း ကြိုမပြောဘူး"

"အသာတိတ်စမ်း စကားမများ နဲ့ နင့်အဲဒီပုလုံးနေတဲ့ ဝက်ပေါက်ကိုယ်ကို ငါက ဝိတ်ချပေးတယ်လို့ ပဲ မှတ် သွားပြန်ယူချည်သွား"

ဆိုတော့လည်း ဆူကာအောင့်ကာဖြင့် ပြန်တက်ယူရှာသော ကျွန်တော့်ရဲ့ ပုလုံး သူငယ်ချင်းမလေးရယ် ...။

ထူးပန်ရှေ့မှ စက်ဘီးကို အသာနင်းရင်း နောက်လှည့်ကြည့်လိုက်တော့ သူ့နောက်မှာ ထိုင်လိုက်ရင်း ဖုန်းပွတ်နေသော Sandi ကို ...

"နင် ဟိုကောင်နဲ့ ပြောနေတာလား ..."

"အင်း ... နင်ကလည်း ကို့ကို ဟိုကောင်လို့ မပြောစမ်းပါနဲ့ ဟယ် သူ့မှာ နာမည်ရှိတယ်..."

"နင့်အကောင်က လူလိမ် လုံးပုမရဲ့ အဲဒီလူလိမ်ဘက်ကများ နင်က နာနေသေး ..."

"နင်ကလည်း ခုထိ သေချာမသိသေးရပဲ သက်သေမရှိဘဲ ငါ့ရည်းစားလေးကို အဲလို မပြောပါနဲ့ ဟယ် ..."

"နင် ... နင်ဆင်းစမ်း ခုဆင်း ငါ့နောက်က မလိုက်နဲ့ ... "

ထူးပန် စက်ဘီးကို ခါချကာ ထိုမေတ္တာတုံးမလေးကို ဇွတ်ဆင်းခိုင်းပစ်လိုက်သည် ။

"ထူးပန် ... နင်နော် နင်ပဲ မနက်အစောကြီးရှိသေး လာခေါ်ပြီး နင်ငါ့ကိုနိုင်တိုင်း ကျင့်မနေနဲ့ ငါတီမာနဲ့ တိုင်ပြောမှာ ..."

ဘယ်ရမလဲ မိစန္ဒီတို့ ကလည်း အတင်းကို ကုပ်ကပ် ဖက်တွယ်ထားတာပေ့ါ။ ဒါမျိုး အလုပ်ခံရတာ ကန်ချခံရတာ ခုမှ မှ မဟုတ်ပဲ။ ဒီလိုနဲ့ သူတို့ ပြောရင်းဆိုရင်း ရန်ဖြစ်ရင်းကနေ မုန်တီဆိုင် ရောက်လာခဲ့ကြသည် ။ ထုံးစံတိုင်း မှာ စားကြပြီး ... စားသောက်ပြီးသွားကာမှ ထူးပန် သူ့ဖုန်းကို ထုတ်လိုက်ပြီး ...

"Sandi နင်ပြောတဲ့ သက်သေဆိုတာကို ငါပြမယ် မနက်အစောကြီး နင့်အသည်းကွဲရအောင် ပြောရတာ ငါစိတ်တော့ မကောင်းဘူး ဒါပေမဲ့ နင့်ကောင်က တကယ် လူလိမ်ဖြစ်နေတာ"

သူပေးတဲ့ ဖုန်းကို ချက်ချင်း မယူဝံ့ဘဲ သူ့စကားမှာ တင် တုန်လှုပ်နေပြီဖြစ်သော စန္ဒီ လက်ထဲကို သူ့ဖုန်းလေး ထိုးပေးလိုက်တော့ ...

"တ ... တကယ်ကြီးလားဟင် ..."

"ဒါ သူယူသုံးထားတဲ့ Pp ပိုင်ရှင် Acc ပဲ သူက အဲဒီကောင်လေး ပုံတွေ ယူသုံးထားတာ မိုးကုတ်က ဆိုတာတွေ ဘာတွေရော ..."

"ဟို သူကသာ ကို့ပုံကို ယူသုံးပြီး Fake လုပ်နေတာရော မဖြစ်နိုင်ဘူးလားဟာ ..."

အဆုံးထိ လက်မခံချင် ဖြစ်နေသော သူငယ်ချင်းမလေးကို သူစိတ်မရှည် ဖြစ်လာကာ ...

"ငါ ဒီကောင်လေးနဲ့ VC ပြောပြီးပြီ ဒီကောင်လေးက ခုလိုသူ့ပုံတွေ ယူသုံးနေတဲ့ Fake Acc တွေက အများကြီးမို့ ဒါသူ့အတွက်တော့ မဆန်းတော့ဘူးတဲ့ အဲဒီ Fake တွေရဲ့ လိမ်ဆင်တွေက သူနဲ့ မဆိုင်ဘူးတဲ့ နင်မယုံရင် နင်သူနဲ့ ပြောကြည့် ..."

"ဟင် မပြောရဲပါဘူး မပြောချင်ပါဘူး ရှက်စရာကြီး ... ဟင့် ခုလိုဂျင်းထည့်ခံရတာ ဘယ်လောက် ရှက်ဖို့ ကောင်းလဲ ... အီး ... တော်သေးတယ် ငါစောစောစီးစီ အမှန်ကို သိခွင့်ရလို့ မဟုတ်ရင် ... ငါ့အဖြစ်က ဟင့် ... ဘာတွေ ဆက်ဖြစ်လာမယ်မသိ ... အီး ...ရှုတ် ... ဟင့် ရှက်လိုက်တာ ..."

တအီးအီး တရှုတ်ရှုတ်နဲ့ အရှက်မရှိ ငိုရင်းရှိုက်ရင်း ပြောနေသော Mi

Sandi ကြောင့် ကျွန်တော့်မှာ တခြားဝိုင်းက လူတွေရဲ့ ကွက်ကြည့် ကွက်ကြည့် အကြည့်တွေကြား ခေါင်းကို မဖော်ရဲတော့ပါ ...။

ဒီလိုနဲ့ နှစ်ယောက်သား အိမ်ပြန်ရောက်တော့ ပုလုံး စန္ဒီသည် လည်းငိုလို့ ဝသွားသည် ထင် စူပုပ်ပုပ် ဘောက်ဆတ်ဆတ်ဖြင့် သူ့အိမ်ထဲ ဝင်သွားသည် ကို ကြည့်ပြီးမှ ထူးပန်အိမ်ဘက် လှည့်ပြန်ခဲ့လိုက်သည် ။ ထူးပန်တစ်ယောက် ညနေခင်း နေအေးအေး လေအေးအေးလေးမှာ တစ်ယောက်တည်း အေးဆေးစာထိုင်ဖတ်နေတုန်း မိစန္ဒီတစ်ယောက် ဆိုင်းမဆင့် ဗုံမဆင့် ရောက်ချ လာပြီး ...

"ထူးပန် ... ငါ့ကို အဲဒီကောင်လေးနဲ့ VC ခေါ်ပေး"

ထူးပန် လက်ထဲက စာအုပ်ကို ဘေးအသာချပြီး ...

"ဘာလဲ နင်က သူနဲ့ ဘာပြောမို့လဲ ..."

"ငါမပြောပါဘူး နင်ပြောရမှာ ..."

"အန် ... ငါက ဘာလို့ ပြောရမှာ လဲ မပြောဘူး ... ပြောချင် နင့်ဘာသာ နင်ပြော ငါအဲဒီဒေါင့်မကျိုးတဲ့ သောက်ကလေးနဲ့ စကားမပြောချင်ဘူး ..."

"နင်ကလည်း ငါ့အတွက် ဒါလေးတောင် မလုပ်ပေးချင်ဘူးလား ..."

ပြောရင်း ငိုမဲ့မဲ့ ဖြစ်လာပြန်သော ပုလုံးမကြောင့် ...

"ဟိတ် ... ဟိတ် ... ငါ့အိမ်မှာ တော့ အာပြဲကြီးနဲ့ လာငိုမနေနဲ့ ကျတ်သရေမရှိဘူး နင်ကသူနဲ့ ဘာပြောချင်သေးလို့ တုန်း ဘာလဲ ငါပြောတာ မယုံလို့ လား ..."

" မဟုတ်ဘူး ... နင့်ကိုမှ မယုံ ငါဘယ်သူ့ သွားယုံရတော့မှာ လဲ ... ငါ

က ဒီတိုင်း ... ဒီတိုင်းအတည်ပြုပြီး သိချင်တာလေးတွေ ရှိလို့ ..."

"ဟင်း ... ကောင်းပြီလေ တကယ်လို့ သူခု လိုင်းပေါ်မှာ ရှိနေရင် ငါ ခေါ်ပေးမယ် မရှိနေခဲ့ရင်တော့ နင့်ကံပဲ နောက်ငါမခေါ်ပေးနိုင်ဘူး နင့်ဘာသာ အတည်ပြု ပေတော့ ..."

ပြောကာ လိုင်းဖွင့်၍ အကောင့်ထဲဝင်တော့

"ဟင်"

ကျွန်တော်ကပဲ ကံဆိုးတာလား Mi Sandi ကပဲ ကံကောင်းသလား တော့ မပြောတတ် ဟိုသကောင့်သားလေးက Active Now တဲ့ ဗျာ ...

သေစမ်း ... ဆုထူးပန်ရေ ... မင်းတော့ အစ်ကိုက်ခံလိုက်ဦးဟ ...

"ဟေး ... ကိုယ်မင်းကို VC ခေါ်ချင်လို့ ရမလား..."

တစ်ဖက်မှ Seen ဖြစ်ပြီး အတော်လေးကြာမှ

"Ok"

ပြန်လာသော Rp ကြောင့် သူVC ခေါ်လိုက်တော့ တစ်ဖက်မှ ချက်ချင်း လက်ခံသည် ။

စိုင်း မနေ့ထဲက ပြောရင်းဆိုရင်း ချက်ချင်း Out သွားသော ခုလည်း သုန်မှုန်နေသော မျက်နှာပေးနဲ့ တောင် ငေးကြည့်နေချင်စရာ ချောမော နေပါသော မျက်နှာပိုင်ရှင်ကြောင့် ရင်ထဲသိမ့်ခနဲ အမည်မဖော်နိုင်သော ခံစားချက်လေး လှုပ်ခတ်သွားသည့် တိုင် သူရဲ့ ပါးလွှာသော နှုတ်ခမ်းထက်ကမူ ...

"ဆို ... ဘာကိစ္စ ဘာဇာတ်လမ်းတွေ ဆင်ဦးမလို့ လဲ ဒီနေ့ရော ..."

"ဘာ ... ဘာပြောတယ် မှတ်တောင် ထားရဦးမယ် ငါကများ မင်းကို

ဇာတ်လမ်းဆင်ရဦးမယ် ဆုတောင်းလိုက် ဒီမယ် ချာတိတ် ... ဒီက ကို ကြီးကလေ မင်းတို့လို သူငယ်နှပ်စား ကလေးမသာ Type မျိုးကိုလေ စိတ်ကိုမဝင်စားတာ သက်လား"

"ဒါဆိုလဲ ဘာသောက်ဇယားရှုပ်ပြီး VC ခေါ်ချင်ရတာတုန်း မောင့်ရဲ့ ဒီမျက်နှာလေးကိုပဲ တွေ့ချင် မြင်ချင်လွန်းလှလို့ မဟုတ်ဘူး လား ရှက်မ နေပါနဲ့ ဘီးကြဲရာ ဝန်ခံရမှာ ရှက်နေလည်း ဒီက မောင်ကပဲ သဘော ထားကြီးစွာ မသိဟန်ဆောင် ပေးလိုက်ပါ့မယ်နော် ... အဟက် ..."

"ဘာ ... မင်း ... မင်း ... စော်ကားလှချည်လား ဟမ် ... ဘယ်လိုရွံ့စ ရာ စကားတွေကိုမှ ပြောထွက်ရတာလဲ"

ထူးပန်တစ်ယောက်မှာ ကြားလိုက်ရသော စကားများကြောင့် တရှူး ရှူးတရှဲရှဲ ဒေါသတွေထွက်ကာ မဖြူသောမျက်နှာ ထက်မှာ ဒေါသကြော င့် အညိုရင့်ရောင် ပြောင်းကာ ကြည်တောက်ကာ ညို့ဓာတ်ပြင်းသော မျ က်ဝန်းတစ်စုံမှာ လည်း စူးရဲကာ ပို၍ တောက်ပနေသည် ။

တစ်ဖက်မှ စိုင်းသည် လည်း မိမိဘာကြောင့် ဒီစကားများ ပြောထွက် ခဲ့သည် ကို အံ့သြနေမိရင်း Laptop Screen ထက်မှ အဆမတန် ဒေါသ ထွက်နေသော မျက်နှာချောချော ကြောင့် လည်း သူထိုသူ စိတ်မဆိုးဆိုး အောင်သာ စချင်နေမိရသည် ။ ဒီလူကြီး စိတ်တိုနေပုံက ပို၍ ဆွဲဆောင် မှု ရှိနေတာကိုတော့ သူဝန်မခံချင် ထို့ကြောင့် ...

"ဘာလဲ မောင်ပြောတာ မှန်နေလို့ အရှိုက် ထိသွားတာလား ..."

"တိတ်စမ်း ... မင်း ... မင်းမရှက်ဘူးလား ... လိစ် မောင်ပါလား သောက်ကလေးရ ရွံ့စရာကောင်းထှာ ထွီ ... မင်းဟာမလေးတွေနဲ့ ကျမှ အဲလိုပြော ငါ့လာဒါမျိုး မပြောနဲ့ ရွံ့တယ် ..."

"ဘာဗျ ... ဒီမယ် သောက်ပိုတွေ လာလုပ်ပြမနေနဲ့ BL ကားတွေကြည့်ပြီး ဒါမျိုးတွေ စိတ်ဝင်စားနေတဲ့ သူကများ ငါ့ကို ရွံ့တယ်ဟက်လား သောက်ပိုတွေ ... ဘယ်သူက ရွံ့စရာကောင်းနေတာလဲ ကိုယ့်ဘာသာပဲ ပြန်စမ်းစစ်လိုက်ဦး သောက်ခြောက်ကြီးရ ..."

စိုင်း ဒီတစ်ခါတော့ တကယ်ကို ဒေါသထွက်မိသည် မို့ သူစကားများ ကြမ်းမိသွားသည် ။

တကယ်ဆို သူခု လက်ရှိထားခဲ့သမျှ ရည်းစားများ နှင့် တောင် မောင် ဆိုသော ထိုနာမ်စားကို သူမသုံးဖူးခဲ့ပါ။ သို့သော် ဘာကြောင့် ဒီလူနဲ့ မှ သူ ထိုနာမ်စားကို အလွယ်တကူ ပြောထွက်ခဲ့မှန်း သူကိုယ်တိုင် စဉ်းစား မရပါ။ ဒီတွက်လည်း သူ့မှာ နောင်တမရှိ ခံစားချက်တွေ ပေါ့ပါးနေခဲ့သည် ။ ဒါကို သူကတော့ ရွံ့သည် တဲ့ လေ ... ဒီစကား ကြားရချိန်မှာ တော့ သူဘာကြောင့် ဒီလောက်ထိ ဒေါသထွက်မိမှန်း သူကိုယ့်ကိုကိုယ်လည်း နားမလည်နိုင်တော့ပါ ...။

***

## အပိုင်း(၄)

နှစ်ဖက်လုံး အမုန်တကယ် ဒေါသများ ထွက်နေကျသည် မို့ကြားက Sandi မှာ မနေသာတော့ပဲ ...

"ကဲပါ ... ထူးပန်ရယ် နင်ကလည်း စိတ်လျှော့ပါ ဟို ... ဒီက မောင်လေးကလည်း စိတ်မရှိပါနဲ့ နော် သူက အဲလိုပဲ လူကရှည်သလောက် စိတ်က လက်တစ်ဆစ်ရယ်"

သူမ စကားပင်မဆုံးသေး ... ဘေးနားရှိ ဖက်ခေါင်းအုံးလေးနဲ့ ရိုက်ချလာသော ထူးပန် ...

"Mi Sandi ... နင်သေချင်နေတာလား ငါခုလိုတွေ အစော်ကားခံ နေရတာ နင့်ကြောင့် ပုလုံးမရဲ့ နင် သောက်ဇယားတွေ ရှုပ်လို့ သိလား"

ပြောလည်း ပြော ရိုက်လည်း ရိုက်နေပါသော ဆုထူးပန် ...။

ထိုအခါမှ တစ်ဖက်က စိုင်းမှာ လည်း ခုနက ဒေါသတွေထွက် စိတ်တွေဆိုးနေသည် မှာ သူမဟုတ်သည့် အတိုင်း

အော် ... ဒါ ငါ့ပုံနဲ့ Fake Acc ဆီက ဂျင်းထည့်ခံရတယ် ဆိုတဲ့ သူ့သူငယ်ချင်းကိုး ထင်တော့ ထင်ပါတယ် ဒီပုပုလုံးလုံးနဲ့ က ဘယ်လိုနည်းနဲ့ မှ သူ့ရည်းစား မဖြစ်နိုင်ပါဘူးလို့ ...

(အံမယ် မနေ့ကကျ သူပဲ ထူးပန်ဝေါထဲ ဝင်မွှေ ပုံတွေကြည့်ပြီး ဂျယ်

လီ အတောင့်လိုက် နှင်နေခဲ့ပြီးနော်)

စိတ်ဆိုးက ပြေသွားတော့ ထိုစိတ်ကြီးလှပါသော ကိုလူချောကို စချင်စိတ်က ပြန်ပေါ်လာသည် မို့ ...

"ဟေး ... ဒီမှာ စကားကို ဆင်ခြင်ပြော ဘယ်မှာ ခင်ဗျားကို စော်ကားနေလို့ လဲ စော်ကားဖို့ နေနေသာသာ ခင်ဗျားမျက်နှာက လွဲကျန်တာ မြင်တောင် မြင်ဖူးသေးတာ မဟုတ်ဘူး "

(ကလေးက ဘာကို မြင်ဖူးချင်နေတယ်လား)

"မင်း ... မင်းက ဘယ်လိုစကားမျိုးမဆို ပြောထွက်ရဲတာပဲ အရှက်က တစ်စက်မှ ကို မရှိတာ အံ့သြတယ်"

"ကျွန်တော် အရှက်မရှိတာ ခင်ဗျားနဲ့ မှ ပါ"

ဒါ တကယ်မှန်သော စကားပါ စိုင်းဟိန်းထက်ဆိုတာ ဘော်ဒါရင်းတွေနဲ့ ကလွဲ တခြား သူနဲ့ ဆို ခုလိုအရှက်မဲ့ မျက်နှာပြောင်ဖို့ နေနေသာ စကားတောင်ပြောဖို့ ဝန်လေးနေတတ်သူ အချေမင်းသား တစ်ပါးပါ ... ဘယ်သူနဲ့ မှ အရောမဝင်သလို လာရောသမျှကိုလည်း အားမနာတမ်း ပထုတ်တတ်သူမို့ သူဟာ မိန်းကလေး အသိုင်းဝိုင်းတင်မက ယောကျာ်းလေး တွေကြားမှာ ပါ အချေ King အဖြစ် ရေပန်းစားသူ တစ်ယောက်ပါ ။ သို့သော် ဒီလူနဲ့ ဆုံမိကာမှ သူ့ရဲ့ မာနတွေ ခဝါကျရုံမက ထိုသူကို စိတ်ဆိုးအောင် စနောက်နေရတာကိုပင် သူမှာ ပျော်မွေ့နေမိခြင်းပါ

ခုလည်း ကြည့် 94 born တဲ့ သူစတာကို ဆတ်ဆတ်ထိမခံ ဒေါသူပုန်ထနေတာ ဘယ် ... သူမစချင်ပဲ နေမလဲ။

"တော်ပြီ ... တော်ပြီ ငါ ... ဒီလိုအရှက်မရှိတဲ့ ကောင်နဲ့ စကားဆက်မပြောနိုင်ဘူး နင့်ဘာသာပြော" ဆိုကာသာ Ph ကို Sandi စီပေးခဲ့ပြီး သူ

ထထွက်ရန် ပြင်လိုက်သည် နှင့် ...

"အိုကေလေ ... ဒါဆိုလည်း စီးယူပါဗျာ ကျွန်တော်လည်း အောက်ပြီ "

ဆိုတော့ သူ့ဘေးမှာ အသာရပ်နေမိကာ Sandi က သူ့ကိုတစ်ချက် မော့ကြည့် တားထားပြီးမှ ...

"ဟင် နေဦးလေ ... ဟို ... မောင်လေး အစ်မ ... အစ်မက မင်းကို မေးစရာလေးတွေ ရှိလို့ ပါ ရတယ်မလား ... ဟင် ..."

"မရဘူး ..."

"ဟင် ... ဘာလို့ လဲဟင် ဟို ... အစ်မက အများကြီး မမေးပါဘူး အစ်မသိချင်တာလေး နည်းနည်းလောက်ပါ ..."

"မေးချင်တာရှိ သူနဲ့ မေးခိုင်းလေ ... ကျွန်တော်က သူမေးတာမှ ဖြေချင်တာ ... အစ်မကိုတော့ အားနာပါတယ် ... ကျွန်တော် အစ်မနဲ့ ပြောချင်စိတ်မရှိဘူး"

(ဒဲ့ပဲ ကိုချေချေတို့ ကတော့ အားကို မနာတတ်တာ ... )

ထူးပန် သူ့ကိုမျက်နှာငယ်လေးနဲ့ မော့ကြည့်လာသော Sandi ကြောင့် သူထွက်မသွား ရက်နိုင်ပဲ အနားမှာ ပြန်ဝင်ထိုင်လိုက်ကာ ...

"နင်က ဘာသိချင်တာလဲ ..."

"ဒီက မောင်လေးက ဘယ်ကလဲဟင် ... မိုးကုတ်ကလား ... လို့ "

ထူးပန် Sandi ပေးလာသော ဖုန်းကို မယူပဲ ...

"မလိုဘူး"

ဟု ပြောကာ...

"ဒီမှာ ... မင်းက မိုးကုတ်ကလား ..."

သူမေးသော်လည်း တစ်ဖက်က ပြန်မဖြေ Screen ကိုသာ မျက်ခုံးများ တွန့်ချိုး၍ စိုက်ကြည့်နေသော ဟန်ကြောင့် ...

"ဟေး ... ဒီမှာ မေးနေတာလေ မင်းနားက ချက်ချင်းများ ပင်းသွားတာလား"

စိုင်း နှုတ်ခမ်းကို အသာကိုက်လိုက်ကာ ...

"တစ်ဖက်လူရဲ့ ပုံပန်းသဏ္ဍာန်ကို မမြင်ရပဲ ပြောနေရအောင် ငါနဲ့ အမေးဖြေ လုပ်မဲ့သူက သေလူမို့လို့ လား ... ငါက ဝိညာဉ် နဲ့ ပြောနေရတာလား ရုပ်မမြင် အသံကြားဆိုတော့"

"မင်း ... မင်း ရန်စနေတာ များ နေပြီနော် မင်းဘာဖြစ်ချင်နေတာလဲ ..."

"ဖြစ်ချင်တာ တကယ်ပြောရမလား ... အဟား ... ထားလိုက်ပါ ကဲ ဒီမှာ အချိန်သိပ်မရှိဘူး မင်းတို့ သိချင်တာ မေးမှာ လား မမေးဘူးလား ... ငါ ဒီလောက်ထိ အချိန်ပေးနေရတာပဲ လွန်လှပြီ ..."

ကိုယ့်ထက် အကြီးမှန်းသိရက်နဲ့ သူ့ကို မင်းတွေငါတွေ လုပ်နေသော ထိုအရိုင်းစိုင်းလေးကို နရင်း ဆယ်ချက်လောက် ထအုပ်ချင်စိတ်များကို မနည်းထိန်းနေရသည် ။

"ကဲပါ ... ထူးပန်ရယ် နင်ကလည်း ရော့ ... ဒီမှာ ပြောလိုက်"

နောက်ဆုံး အလျှော့ပေးရသူကတော့ ထူးပန်ပါပဲ သူစိတ်မပါ လက်မပါနဲ့ ပင် Ph ကို ဆွဲယူလိုက်ပြီး ...

"ချာတိတ် ... မင်းက မိုးကုတ်ကလား ..."

စိုင်း ... မကြည်မသာနဲ့ မေးလာသော ထိုလူသားကို သူ အနားမှာ ရှိရင် ပါးလေးတွေ ဆွဲညှစ်ပစ်ချင်နေမိသည် ။ အဲဒီအခါ ဖြစ်သွားမည့် ကိုစိတ်တိုရဲ့ မျက်နှာ ချောချောကို မြင်ယောင်ရင်း သူ ... သဘောကျစွာ တစ်ချက် ရယ်လိုက်ပြီးမှ ...

"အင်း ... ဟုတ်တယ် ဒါပေမဲ့ ခုက တောင်ကြီးမှာ ... နေတာ ၂နှစ်ရှိပြီ ဖေဖေက ဒီမှာ တာဝန်ကျလို့ လေ မိုးကုတ်က တစ်ခါတလေ မှ ပဲ ပြန်ဖြစ်တော့တယ် ခင်ဗျားကရော မန်းလေးကပဲလား"

ထူးပန် သူ့ကိုပြန်မေးလာသည် ကို မသိဟန်ဆောင်ကာ Sandi ကိုသာ ဆက်မေးဖို့ မေးလိုက်သည် ။ နောက် ... သူ Sandi ပြောသမျှ တိုင်းပဲ အကုန်မကျန် ပြန်ပြောလိုက်သည် ။

"ကျောင်းက တောင်ကြီး Uni မှာ E မေဂျာ တက်နေတာ Sec year ဟုတ်လား ပြီးတော့ မောင်နှမ ၂ယောက်ရှိတယ် အဖေက ပညာရေးမှူးချုပ် အမေက တောင်ကြီး Uni က Chemistry ပါမောက္ခချုပ် အစ်မက အိမ်ထောင်ကျသွားပြီ တောင်ကြီးမှာ ပဲ အမျိုးသား ဘက်လိုက်နေနေတယ် အဲဒါတွေ အကုန်မှန်လားတဲ့ ..."

"ဝါး ... ကျွန်တော့်အကြောင်း အသေးစိတ်ကစ စုံစမ်းထားတာပဲ ဘရိုရယ် သိချင် ကျွန်တော့်မေးပေါ့လို့ ခုတော့ ဘရိုအရမ်း ပင်ပန်းသွားလား" သူ ဘေးကဟိုအစ်မ ပြောသမျှ အတိုင်းပြန်ပြောနေတာ သိသော်လည်း မျက်နှာပြောင်ပြောင်နှင့် ပင် ကိုစိတ်တိုကို စလိုက်ခြင်းသာ။ ထင်သည့် အတိုင်း သူ့စကားမှာ ဒေါကန်သွားသော လူချော စိတ်တိုလူကြီးက

"လခွမ်း ... မင်းနားပင်းနေလားငါ Sandi ပြောသမျှ ပြန်ပြောနေတာလေ သောက်ကလေးရဲ့ ငါက အားအားယားယား မင်းအကြောင်း စုံ

စမ်းရဦးမယ် သောက်ရေးမပါတာတွေ သိဖို့ သောက်လုပ် အရှုပ်မခံဘူး သိထား သောက်ကလေးရ"

စိုင်း အူယားစွာ ရယ်ချင်စိတ်ကိုထိန်း၍ ...

"ဟုတ်လား ... မသိဘူး တကယ်ပဲ ကျွန်တော့်နားက တစ်ခုခုဖြစ်နေပြီ ထင်တယ် ဘယ်လိုလုပ်မလဲ ခု ကျွန်တော့်နားထဲမှာ ခင်ဗျားအသံကိုပဲ ကြားနေရပြီး မျက်လုံးထဲလည်း ခင်ဗျားကိုပဲ မြင်နေရတာ"

"သေလေ ... သေလိုက် အဲဒီမှာ ၁ဂခါပြန်သေ နောင်လူပြန်မဝင်စားနဲ့ မင်းလို အရိုင်းစိုင်းမျိုး လူ့ပြည်မှာ ရှုပ်တယ်"

"ကျွန်တော်သာ ခုချိန် သေသွားမယ်ဆို သေချာတယ် ကျွန်တော့်ဝိညာဉ်က ခင်ဗျားနားမှာ ပဲ တွယ်ကပ်နေမိမယ် ထင်တယ်"

"သောက်ရူး ... "

ထူးပန် ဒေါသတွေထွက်လွန်းလို့ ကြာရင် သူအသက်ပါ ထွက်တော့မည်ထင်။ တစ်ဖက်မှ စိုင်းကတော့ သူပြောသမျှက စနောက်နေရာက အတည်တံ့တွေ ပြောလာသလိုလို။ ကြားထဲက Sandi ကပဲ မနေသာတော့ပဲ ...

"ကဲပါဟယ် နင်တို့ ကလည်း ကိုက်ပဲ ကိုက်နေကျတာပဲ ငါ အတည်ပြုချင်တာက လိုရင်းကို မရောက်တော့ဘူး"

ထိုအခါမှ နှစ်ယောက်သား ငြိမ်ကျသွားကာ ... စိုင်းက ...

"ဟုတ်တယ် အဲဒါ ကျွန်တော့် မိသားစု ကျွန်တော့် အကြောင်း အကုန်ပဲ ကြည့်ရတာ အစ်မကို ဂျင်းထည့်တဲ့ သူက ကျွန်တော့် ပုံတွေ တင်မကဘူး ကျွန်တော့် Real Life ကိုပါ အကုန်ယူသုံး ဂျင်းထည့်ခဲ့တာပဲ ကျွန်တော်နဲ့ ပတ်သက်သမျှ၊ ကျွန်တော့်အကြောင်း အကုန်သိနေတဲ့ သူ

ဆိုတော့ ကျွန်တော့် အသိထဲကများ ဖြစ်နေမလားပဲ ကျွန်တော် စုံစမ်းပေးကြည့်ပါမယ် ... ခု အစ်မ ဘာဆက်လုပ်မယ် စိတ်ကူးထားလဲ ... သူ့ကိုသိရရင်ရော အစ်မဘယ်လိုလုပ်မယ် စဉ်းစားလဲ..."

ထိုခါကျမှ ထူးပန်ကလည်း ...

"ဟုတ်တယ် နင်ဘာဆက်လုပ်မှာ လဲ နင်အဲဒီလူကို သံယောဇဉ်ဖြစ်နေတာ ငါသိတယ် သူလူလိမ်မှန်း သိတာတောင် နင်ခုထိ သံယောဇဉ်မပြတ်နိုင်သေးဘူးလား သူ့အစစ်မှန်ကို နင်သိချင်နေသေးတာ နင်သူနဲ့မပြတ်နိုင်ဘူးလား ..."

Sandi သူမ တကယ်ကို ရှက်မိပါသည် ။ သူမလို ဆယ်ကျော်သက်လည်း မဟုတ် ခေတ်ပညာတတ် ဘွဲ့ရပြီးသား မိန်းကလေး တစ်ယောက်အနေနဲ့ တစ်ခါမှ မမြင်ဘူး မတွေ့ဘူးတဲ့ သူကို လေလှိုင်းပေါ်ကနေ ဖုန်းလေး အမြဲပြောကျရင်း သူ့အပြော သူ့စကားဟန်လေးတွေနဲ့ တင် ချစ်မိသွားခဲ့တာ ...

သူ လိမ်နေတာတွေ သိခဲ့ရတာတောင် သူမ မပြတ်သားနိုင်တာ သူ ရှင်းပြသမျှကို ယုံကြည်ပြီး သူ့ဘဝ အစစ်မှန်ကို အတည်ပြု ချင်ပြီး လက်ခံချင်နေမိသေးတာ။ သူမ သိပ်ကို ညံ့ဖျင်းလွန်းရာ ကျနေပြီလား။ သူမသဘောကို ထူးပန်သာ သိရင် သူမခေါင်းကို ပူထူနေအောင် ခေါက်၍ ဆူပူ အော်ငေါက်ဦးမှာ အသေချာ ...။

ဒါပေမဲ့ ဒီတစ်ခါ ပြောတဲ့ အကြောင်းရာမှန်သမျှက သူ့ဘဝအစစ်မှန်ဟု သူမ ယုံကြည်ချင်မိသည် ။ ဒါကြောင့် လည်း သူမ စိုင်းဟိန်းထက်နဲ့ ရင်းနှီးချင်သည် ။ ဒါမှ သူ့အကြောင်းကို သူမ စိုင်းဟိန်းထက်ဆီမှ အတည်ပြု လက်ခံနိုင်မည် မဟုတ်လား ...။

***

# အပိုင်း(၅)

Sandi အနားမှာ ရှိသော ထူးပန်ကို တစ်ချက်ကြည့်၍ ဘေးသို့အသာတိုး၍ ခွာလိုက်ပြီးမှ လည်ချောင်း တစ်ချက်ရှင်းကာ ...

"အဟမ်း ... တကယ်က သူက တခြားသူ မဟုတ်ပါဘူး သူက စိုင်းဟိန်းထက် သူငယ်ချင်း"

"ကျွန်တော့် သူငယ်ချင်း ... ကျွန်တော့် သူငယ်ချင်းတွေထဲမှာ အဲလိုလုပ်တဲ့ သူ မရှိပါဘူး အစ်မထပ်ပြီး ဂျင်းမိပြီထင်တယ်"

စိုင်းစကားကြောင့် စန္ဒီ နင်သွားရသည် ။

"ဒါပေမဲ့ အစ်မ ဒီတစ်ခါ သူနဲ့ VC လည်း ပြောပြီးပြီ မင်းတို့ အုပ်စုလိုက် ရိုက်ထားတဲ့ ပုံတွေလည်း ကြည့်ပြီးပြီ ဒီတစ်ခါက သေချာတယ် ပြီး သူကလည်း ခုလို သူများ အကောင့် တစ်ခါမှ ယူမသုံးဖူးဘူးတဲ့ ... ခု ယူသုံးမိတာက အမက Korea&Chiness က Idol တွေ ကို Crazy အရမ်းဖြစ်တော့ သူ ခုလို လုပ်မိတာပါတဲ့ "

Sandi ဆီက ရှင်းပြချက်ကို နားထောင်ပြီး ထူးပန် နားမလည်တာတစ်ခုမေးလိုက်သည် ။

"နေပါဦး နင် Idol ရူးတာနဲ့ သူလိမ်ရတာက ဘာဆိုင်လို့ လဲ ... "

"ဒီလိုလေဟာ ... သူ့Acc အစစ်နဲ့ လည်း ငါက ဖရန့်ဖြစ်ထားတယ်ဟ

အဲဒီအကောင့်နဲ့ လည်း စကားနည်းနည်းပါးပါး ပြောဖူးတယ် အဲဒီမှာ သူက ငါ့ကိုမေးဖူးတယ် ချစ်သူရှာတဲ့ ခါ ဘယ်လိုလူမျိုး ရွေးမှာ လဲလို့ ငါက ငါ့ Idol တွေလို Type မျိုးရွေးမှာ လို့ Idol တွေလောက် မချောရင်တောင် Idol တွေလို ချောတဲ့ သူတော့ ဖြစ်ရမယ်လို့ လေ အဲဒီတော့ သူက စိုင်းဟိန်းထက် ပုံတွေ ယူသုံးပြီး ငါနဲ့ ဇာတ်လမ်းစတာပေ့ါ ငါက Fake Accကျ"SHH" ပုံနဲ့ ဆိုတော့ ရုပ်က အရမ်းချောနေတော့ စကားကောင်းကောင်း ပြန်ပြောဖြစ်တယ်လေ ပိုပြီးလည်း ရင်းနှီးခဲ့တယ် သူ့အကောင့်ကျ Rp ပြန်ဖြစ်တဲ့ ခါ ရှိသလို မပြန်ဖြစ်တဲ့ ခါတွေလည်း ရှိတာကိုး အဲလိုနဲ့ သူက အဲအကောင့်နဲ့ ပဲ ငါနဲ့ ချစ်သူဖြစ်ခွင့် ရဖို့ ငါ့အချစ်ကို လိမ်ယူခဲ့တာ ဖြစ်သွားတာ ..."

Sandi က အရှည်ကြီး ရှင်းပြလိုက်ရလို့ မောသွားတာနဲ့ ရေသောက်ဖို့ ရေဘူးလေး ယူကာ ရှိသေး ...

ထူးပန်က ပြန်ဆွဲ ယူလိုက်ပြီး ...

"အဲဒီတော့ နင်က အခု အဲကောင်ကို မဖြတ်နိုင်ဘဲ ဆက်တွဲဦးမယ်ပေ့ါ နင့်ကိုတစ်ခါ လိမ်ဖူးတဲ့ သူကိုလေ တစ်ခါလိမ်ဖူးရင် နောက်လည်း အကြိမ်ကြိမ် လိမ်တော့မှာ ပဲ သူလိမ်ခဲ့တာကလည်း အသေးမွှား မဟုတ်ဘူး နော် Mi Sandi ... နင် အရူးလား"

"နင်ကလည်း "

ဟု သာဆို၍ စကားမဆက်နိုင်သော Sandi ကို သူ ထိပ်တွေချည်းပိတ်ထု ချင်နေမိသည် ။

"အဟမ်း ... ဒါနဲ့ သူက ဘယ်သူများ လဲ ... အစ်မ"

"ကျော်နိုင်စိုး ..."

"ဗျာ ... ကျော်ကြီးလား ဒီကောင်က"

စိုင်း အတော်လေးကို အံ့သြသွားရသည် ။ ဟိုတလောက ကျော်ကြီး အသည်းကွဲကာ ... မူးမူးနဲ့ ပြောခဲ့ဖူးသော စကားများကိုလည်း ပြန် အမှတ်ရမိသည် ။ ဟုတ်သည် ထိုစဉ်က ...

"ငစိုင်း ... ငါ့ကောင်ကြီး မင်းပြော မင်းပြောစမ်းပါ ငါ့ရုပ်က မိန်းမ တစ်ယောက်ဆီက အချစ်ကို ရဖို့ နေနေသာ သူ့ဆီက ခင်မင်ခွင့်လေး စ ကားပြောခွင့်လေးရဖို့ တောင် မထိုက်တန်ဘူးလားကွာ ဟင် ငါ့ပုံစံက အဲလောက်တောင် ဆိုးဝါးနေလား မင်းကျမင်းအမေက ဘာတွေစားပြီး မွေးလို့ ဒီလောက် ချောနေရတာလဲ ချီးထဲမှ ပဲ မင်းနဲ့ ငါ ငယ်ငယ်ထဲက ပေါင်းလာတာ မင်းကြ တစ်နေ့တခြား ပိုချော လာပြီး ငါကြ ဘာလို့ တစ် နေ့တခြား ပိုဝလာရတာလဲ ... အီး ... သူက ... သူက သူ့ Idol တွေလို ချောမှ ကြိုက်တာတဲ့ အီး ... ငါကရော ဘာလို့ ... အဲ သောက် Idol ရှူးကို မှ ဒီလောက် ချစ်နေမိရတာတုန်း အီး ... ငါ့ဘဝကလည်း ဆိုးလိုက်တာ"

ထိုစဉ်ကတော့ ကျော်ကြီးသူ မူးမူးနဲ့ ပြောချင်ရာပြောပြီး ငိုချင်ရာ ငို နေခဲ့တာ ဟု သူထင်ခဲ့မိသည် ။ ခုမှ ပဲ သူလည်း ဆက်စပ်ကာ ဇာတ်ရည် လည်ရတော့သည် ။ သူငြိမ်နေ၍ ထင် ... ဟိုနှစ်ယောက်ဆီမှ ...

"ဘာလို့ လဲ ..."

ဟု သော အမေးက တစ်ပြိုင်နက်တည်း ထွက်လာသည် ။

"အာ ... ဘာမှ မဟုတ်ပါဘူး။ ဒီကောင်ကြီးသာဆို အစ်မဘာမှ စိတ် ပူစရာ မလိုပါဘူး ဒီကောင်ကြီးက စိတ်ထားသိပ်ကောင်းတာ လူကောင် ကြီးသလောက် စိတ်ထားက နူးညံ့တယ် အစ်မသူနဲ့ စကားပြောတဲ့ ခါ သူ့စရိုက် သူ့စိတ်ထားကို ရိပ်မိခဲ့မှာ ပါ ကျွန်တော်ပြောဖို့ လိုမယ်တောင် မထင်ဘူး"

Sandi က ခေါင်းညိတ် ထောက်ခံသော်လည်း သူ့အပြောကို မဲ့ရွဲ့ကာ တစ်ဖက်လှည့်၍ စူပုပ်ကာ ပွစိပွစိ ပြောနေသော ကိုစိတ်တို လူချောကြီးကို သူစချင်လာ၍ ...

"သိတယ်မလား တချို့ဆို ရုပ်ကသာချောတာ အတွင်းစိတ်ကကျ ပုပ်ပွနေတာပဲ စိတ်ကောင်းနှလုံးကောင်း မရှိဘူးဗျ ကိုယ့်ဘာသာ ဂေါ်မစွံတဲ့ FA ဖြစ်နေတိုင်း အနားမှာ ရှိတဲ့ သူတွေကိုလည်း သူလို ဂေါ်မစွံ FA ဘဝရောက်အောင် ဆွဲခေါ်ထားချင်နေတာ လူတိုင်းကိုလည်း သံသယစိတ်နဲ့ ကြည့်တက်မြင်တက် တွေးတက်သေးတယ် အသက်ကသာ သင်္ချိုင်း တစ်ဖက်လှမ်းနေတာ ခုချိန်ထိ စလို့ စမှန်းမသိ ဒေါသတွေ စွတ်ထွက်ပြီး ချောတဲ့ မျက်နှာလေးကို အကျည်းက တန်စေသေး အဲလို အသက်ကြီးပြီး အချိန်မစီးတဲ့ ရုပ်ချောရုံရှိပြီး စိတ်ဓာတ်မကောင်းတဲ့ အစ်မဘေးနားက လူတွေနဲ့ စာရင် ကျွန်တော့် သူငယ်ချင်းက ရုပ်မချောပေမဲ့ အများကြီး သာပါတယ် ပြီးတော့ ဒီကောင်ကြီးက သိပ်ချစ်တတ်တာ အစ်မ နောင်တရ ရမယ်မထင်ပါဘူး"

သူ့စကားဆုံးတော့ ခရမ်းချည်သီးမှ ညှိလို ဒေါသကြောင့် နီရဲဖောင်းပွနေသော ကိုလူချောက

"အေး ... ငါပြောမယ် Mi Sandi နင်အဲကောင်ကို ဖြတ် ခု ချက်ချင်းဖြတ် ... အဲကောင်နဲ့ မပြတ်ရင် ငါ့သူငယ်ချင်းအဖြစ်ကဖြတ် ဒီလို အရိုင်းစိုင်းကောင်ရဲ့ အပေါင်းပါက ဒီလို အရိုင်းစိုင်းပဲနေမှာ ရုပ်ချောပြီး စိတ်ဓာတ်မလှတာက ရုပ်က သုံးဖြစ်သေး ရုပ်ကလည်း ဆိုးသေး စိတ်ဓာတ်ကလည်း အရိုင်းစိုင်း အပုပ်ပွ သာဆို နင်တော့သွားပြီ အဲတော့ အဲကောင်ကိုဖြတ် ..."

"ဟွန့် ... ကလေးဆန်လိုက်တာ ... အသက်ကြီးပြီး အချိန်မစီးတာ ဒီ

လိုလူတွေ ပြောတာ ဖြစ်မယ်"

စိုင်းနှုတ်ခမ်း လှလှလေးကို မဲ့ကာပြောလိုက်တော့ ...

"တောက် ... "

တောက်တစ်ချက်ခေါက်ကာ ဒေါသများ ဖြင့် Ph ကို ဆိုဖာ ထက်ပစ်ပေါက်ကာ ထွက်သွားသော ထူးပန်ကိုကြည့်ပြီး စိုင်းနောင်တ ရချင်သွားသည် ။

ငါပြောတာ အရမ်းများ လွန်သလား ... သူတကယ်ကြီး စိတ်ဆိုးသွားတာလား ...

Sandi မှာ လည်း Ph လိုင်းကို အမြန်ပိတ်ပြီး ထူးပန်နောက် ပြေးလိုက်ရသည် ။ တကယ်ဆို သူမသူငယ်ချင်း ဆုထူးပန်က တော်ရုံတန်ရုံ စကားများ ရန်ဖြစ်ခြင်းမရှိ သူမိမိနဲ့ သာ ဘုဘောက်ကျ စနောက်ရန်ဖြစ်လေ့ ရှိသော်လည်း ခုလိုသူစိမ်းတစ်ရုံနဲ့ ခုလိုပုံစံကို ထူးပန်ဆီမှာ သူမ မမြင်ဖူးခဲ့ပါ။ ခုတော့ ဒီကောင်လေးနဲ့ မှ ဘာလို့ ဒီလောက်ထိ ဆတ်ဆတ်ထိမခံ စွာတေးလန် နေသည် မသိ ...

စိုင်းမှာ လည်း လက်တော့ကို အသာပိတ်ကာ အိပ်ရာထက် မှောက်လဲလိုက်ပြီး ... ဒေါသတကြီး ထွက်သွားသော ထူးပန်မျက်နှာကိုသာ မြင်ယောင်ရင်း သူရင်ထဲ နင့်နေသည့် ခံစားချက်မှာ စိုးဝါးလှပါသည် ။

ငစိုင်း ... ငစိုင်း ... မင်းကိုမင်း ပြန်စမ်းစစ်ဖို့ လိုနေပြီ ...

စိုင်းအိပ်ရာမှ ထကာ ကျော်ကြီးဆီ ဖုန်းခေါ်လိုက်သည် ။ ပြီး ... ဆုံနေကျ လက်ဖက်ရည်ဆိုင်မှာ တွေ့ဖို့ ချိန်းလိုက်သည် ။

သူလည်း ရေမိုးချိုးကာ အားလုံး ပြင်ဆင်ပြီးသွားတော့ ... ကျော်ကြီးက အောက်ထပ်မှာ ရောက်နှင့် နေကာ မေမေနဲ့ စကားတောင် ကောင်း

နေသည် ။ နောက်သူကျော်ကြီး ဆိုင်ကယ်နဲ့ ပဲ အတူ ထွက်လာခဲ့ကြသည် ။

လက်ဖက်ရည်ဆိုင်ရောက်တော့ သူပင်စကားမစရသေး ... ကျော်ကြီးက ...

"သားကြီး ... မင်းငါ့ကို စိတ်မဆိုးဘူးမလား ..."

"ဘာကိုလဲ ..."

"ငါ မင်းပုံတွေ ယူသုံးတဲ့ ကိစ္စ"

"မင်းငါ့ကိုတော့ ကြိုပြောပြသင့်တယ် ..."

"ဆောရီးပါကွာ ငါလည်း မင်းကို ဘယ်လိုပြောရမှန်း မသိဖြစ်နေတာနဲ့ မပြောဖြစ်ခဲ့တာ မင်းငါ့ကို စိတ်ဆိုးနေလား"

သူ သက်ပြင်းအသာ ချပြီး ...

"ငါက မဆိုးပါဘူး ဒါပေမဲ့ မင်းကောင်မလေး သူငယ်ချင်းကတော့ အတော် စိတ်ဆိုးနေတာ"

သူစကားဆုံးတော့ ကျော်ကြီးက ရီလိုက်ပြီး ...

"ငါသိပြီးပါပြီ ... မင်းနဲ့ သူက ဘုဘောက်ချည်း ကျနေတာဆို အဲဒီကိစ္စ မေးပါရစေဦး အချေ ကိုယ်တော်ကြီးက ဘယ်လိုဖြစ်ရတာတုန်း အဲတစ်ယောက်ကို သွားကလိပြီး စိတ်ဆိုးအောင် စနေရတဲ့ အကြောင်းလေး ငါငယ်ငယ်ထဲက မင်းသူများကို အဲလိုစနောက်နေတာ မမြင်ဖူးပါဘူး မကြားခဲ့ဖူးပါဘူး ခုကဘယ်လိုဖြစ် အစက ဒီဒီ ပြောတော့ငါ မယုံနိုင်ဘူး ဒါပေမဲ့ ဒီဒီကလည်း မဟုတ်တာ ပြောတတ်တဲ့ သူမျိုး မဟုတ်ဘူး ..."

စိုင်း ဆံပင်ကို တစ်ချက် သပ်တင်လိုက်ပြီးမှ သူ့နှုတ်ခမ်းထက်လည်း

အပြုံးတစ်ပွင့် ဖူးပွင့်ရင်း ...

"ငါကိုယ်တိုင်လည်း မသိဘူး ငါသိတာက ငါသူ့မြင်ရင် စချင်နေတာပဲ သူစိတ်ဆိုးသွားတဲ့ ပုံစံလေးကို ငါသဘောကျတယ် ..."

"မင်း ... သူ့ကို စိတ်ဝင်စားနေတာလား"

"ဟုတ်မယ်ထင်တယ်"

သူ့ရဲ့ မရေမရာအဖြေကို ကျော်ကြီးက ခေါင်းတစ်ချက်ညိတ်ကာ ...

"မင်း ... သူ့ကို မင်းကိုယ်မင်း မောင့်ကိုလို့ သုံးသေးတယ်ဆို"

"ဟုတ်တယ် ..."

"မင်း အရင်ရည်းစားတွေနဲ့ တောင် အဲနာမ်စား သုံးခဲ့ဖူးတာ မဟုတ်ဘူး ခုရည်းစားနဲ့ လည်း မသုံးဘူး မလား ... မင်းသူ့ကို စိတ်ဝင်စားတာက ရိုးရောရိုးရဲ့ လား"

သူကျော်ကြီးကို သေချာ စိုက်ကြည့်နေမိပြီးမှ ...

"မင်း ... ဘာကိုဆိုလိုတာလဲ"

"ငါပြောချင်တာ ... မင်း သူ့အပေါ် ထားတဲ့ စိတ် စိတ်ဝင်စားမှု၊ ခံစားချက် အစစ်မှန်"

စိုင်း နှုတ်ဆိတ်နေမိကာ မျက်နှာ ချောချောလေးမှာ လည်း ညရဲ့ မီးအလင်းရောင်အောက် မျက်ခုံးများ တွန့်ချိုး၍ စိတ်ရှုပ်ထွေးမှုများ ပေါ်လွင်နေသည် ။ ကျော်ကြီး စိုင်းရဲ့ မျက်နှာရိပ်ကဲကို ကြည့်ပြီး ...

"ထားလိုက်ပါ ငါက ဘာရယ်မဟုတ် ပြောမိတာ ... စိတ်ထဲ ထားမနေပါနဲ့ ကွာ"

ဆိုပြီး ... သူနဲ့ Sandi အကြောင်းများ သာ ပြောဖြစ်ပြီး နှစ်ယောက်

သား အတော်ကြာအောင် အချိန်ဖြုန်း ပြီးကာမှ ကိုယ်စီအိမ်သို့ ပြန်ခဲ့ကြသည် ။

စိုင်းအိပ်ရာထက် အသာလှဲနေမိရင်း ကျော်ကြီး ပြောတဲ့ သူ ဆုထူးပန် အပေါ် စိတ်ဝင်စားမှု ခံစားချက် အစစ်မှန်ကို ပြန်ဆန်းစစ်နေမိသည် ။ ကျော်ကြီးက စိတ်ထဲမထားဖို့ ပြောခဲ့ပေမဲ့ သူ့စိတ်ထဲ ထိုခံစားချက်အတွေးများ သာ စိုးမိုးနေခဲ့ပြီ။ သူဘယ်လို ထားလိုက်နိုင်မလဲ ... သူ့အတွေး သူ့အာရုံထဲ ဆုထူးပန် နဲ့ သာ ပြည့်နှက်နေခဲ့ပြီ။ သူ ... သူကိုယ်တိုင်တောင် ထိန်းချုပ် မရတော့ဘူးပဲ။

ခင်ဗျား ... ဘာကြောင့် ကျွန်တော့်အပေါ် ဒီအချိန်တိုလေးအတွင်း စိုးမိုးနိုင်ရတာလဲကွာ ကျွန်တော် ... ခု ခင်ဗျားကို မတွေ့ရမမြင်ရရင် မနေနိုင်တော့ဘူး ထင်တယ် ခင်ဗျားအကြောင်းပဲ ခေါင်းထဲ ရောက်နေတယ်၊ ခင်ဗျားကိုပဲ မြင်ယောင်နေတယ်။ ခုလည်း ကျွန်တော် ခင်ဗျားကို ဘာလို့ အရမ်းတွေ့ချင်နေမိ ရတာလဲ ... ခင်ဗျားကြီး ကျွန်တော့်ကို ဘယ်လိုများ ပြုစားနိုင်ရတာလဲ ... ခင်ဗျားကလေ ... သိပ်အမြင်ကတ်ဖို့ ကောင်းတဲ့ လူကြီးပဲ ဆုထူးပန်

***